## FAQs for Web Enquiry Form

**၁။ အကောင့်ထဲသို့ ဝင်လို့မရဖြစ်နေပါသည်။ "သင်ထည့်သွင်းလိုက်သော အကောင့်အမည် သို့မဟုတ် စကားဝှက်သည် မှားယွင်းနေပါသည်။ ကျေးဇူးပြုပြီး နောက်တစ်ကြိမ် ပြန်လည်စစ်ဆေးပြီး ကြိုးစားကြည့်ပါ။" ဟူ၍သာ အကြောင်းပြန်နေပါသည်။**

ကျေးဇူးပြုပြီး အရင်ဦးဆုံး မိမိထံတွင် အကောင့်တစ်ခုရှိနှင့်ပြီးဖြစ်ရန် စစ်ဆေးပါ။ စာလုံးများရိုက်မိခြင်း၊ ကီးဘုတ် ထည့်သွင်းပုံမှားယွင်းခြင်း မရှိအောင် စစ်ဆေးပါ။ ဆက်လက်၍ ဝင်လို့မရသေးပါလျှင် ကျေးဇူးပြု၍ KBZ Customer Service ကို ဆက်သွယ်ပေးပါ။

**၂။ အကောင့်ဖွင့်လို့မရဖြစ်နေပါသည်။ ကျွန်ုပ်၏ နိုင်ငံသားစိစစ်ရေးကဒ်သည် ရှိနှင့်ပြီးသားဖြစ်နေပါသည်ဟု ပြနေပါသည်။**

သင့်ထံတွင် အကောင့်တစ်ခု ဖွင့်ပြီးသားဟုတ်/မဟုတ်ကို စစ်ဆေးပေးပါ။ အကယ်၍ မဟုတ်ပါက သင့်နိုင်ငံသားစိစစ်ရေးကဒ်ဖြင့် ပြန်ဖွင့်နိုင်ရန် ကျေးဇူးပြုပြီး KBZ Customer Service ကို ဆက်သွယ်ပေးပါ။

**၃။ ကျပ်ငွေ ၁ ဘီလီယံ (၁,၀၀၀,၀၀၀,၀၀၀ ကျပ်) ထက်ပိုပြီး "လျှောက်ထားလိုသော ချေးငွေပမာဏ" နေရာတွင် ထည့်သွင်းလို့ မရဖြစ်နေပါသည်။**

KBZ SME Banking ဌာန၏ အများဆုံးခွင့်ပြုသော ချေးငွေပမာဏမှ ၁ ဘီလီယံ ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် အများဆုံးလက်ခံနိုင်သော ချေးငွေပမာဏကို ကန့်သတ်ထားခြင်းဖြစ်ပါသည်။

**၄။ *"ချေးငွေ လျှောက်ထားလိုသော ငွေပမာဏသည် ခန့်မှန်း ကုန်ကျစရိတ်ထက် ပိုမိုတောင်းခံလို့မရပါ။"* ဟု ပြပြီး ရှေ့ဆက်မရဖြစ်နေပါသည်။**

ချေးငွေ လျှောက်ထားလိုသော ငွေပမာဏသည် ခန့်မှန်း ကုန်ကျစရိတ်ထက် ပိုမို၍ တောင်းခံခြင်းကို ကန့်သတ်ထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ တစ်စိတ်တစ်ပိုင်းကို ငွေချေးယူလိုသူဘက်မှ ကျခံပေးရမည်ဖြစ်ပါသော စည်းမျဉ်းကြောင့် ဖြစ်ပါသည်။

**၅။ "မှတ်ပုံတင်ထားသော ကုမ္ပဏီအမည်" နှင့် "စီးပွားရေးလုပ်ငန်းအမည်" မှာ မည်သို့ ကွာခြားပါသနည်း။**

ရင်းနှီးမြှုပ်နှံမှု ၁ ခုထက်ပိုသော ကုမ္ပဏီများတွင် ကုမ္ပဏီအမည်နှင့် စီးပွားရေးလုပ်ငန်းအမည်မှာ ကွာခြားတတ်ပါသည်။ ဥပမာ- ကခဂ စီးပွားရေးလုပ်ငန်းစုနှင့် ကခဂ စားသောက်ဆိုင်

အမည်တစ်မျိုးတည်းသာ ရှိသော လုပ်ငန်းများအတွက်မူ ရှိသော အမည်တစ်ခုကိုသာ ပြန်ရေးထည့်၍ ရပါသည်။

**၆။ လုပ်ငန်းသက်တမ်းကို မည်သို့တွက်ချက်ရမည်နည်း?**

လုပ်ငန်းစတင်လည်ပတ်သည့်နေ့မှ စတင်၍ တွက်ချက်ရပါမည်။

**၇။ ဘဏ်လုပ်ငန်းချိန် မဟုတ်သည့် အချိန်များတွင် ဤစုံစမ်းလွှာကို သုံးလို့ရပါသလား?**

ယခုစုံစမ်းလွှာကို အချိန်မရွေး အင်တာနက်ရှိသည့် နေရာတိုင်းမှ သုံးစွဲနိုင်ပါသည်။

**၈။ အကောင့်တစ်ခုတည်းမှနေ၍ စုံစမ်းမှုများ ၁ ခုထက်ပို၍ လုပ်နိုင်ပါသလား။**

လုပ်ခွင့်ပြုပါသည်။ သို့သော် မည်သူ့အကောင့်မှ သုံးစေကာမူ စုံစမ်းလွှာတွင်ပါသော လုပ်ငန်းပိုင်ရှင်သာလျှင် ရှေ့ဆက်ရမည့် အဆင့်များကို ဆက်လက်သွားခွင့်ရှိပါမည်။

**၉။ ဤအကောင့်ကို အခြား KBZ ဝန်ဆောင်မှုများတွင် သုံးစွဲနိုင်ပါသလား?**

မရနိုင်သေးပါ။ ယခုအကောင့်သည် KBZ SME Banking အတွက် သီးသန့်ဖြစ်ပါသည်။

**၁၀။ ဖုန်းနံပါတ်အသစ်တစ်ခုဖြင့် အကောင့်ကို ပြန်ဖွင့်လို့ရပါသလား? သို့သော် လက်ရှိနိုင်ငံသားစီစစ်ရေးအမှတ်ကို နံပါတ်ကို သုံးလိုပါသည်။**

ရပါသည်။ ထို့အတွက် KBZ Customer Service team ထံသို့ ဆက်သွယ်ပေးရပါမည်။

**၁၁။ ယခုလျှောက်လွှာနေရာမှတစ်ဆင့် ချေးငွေ တိုက်ရိုက် လျှောက်နိုင်ပါသလား။**

ယခုအဆင့်သည် စုံစမ်းမေးမြန်းသောအဆင့်ဖြစ်ပါသည်။ သင်ပေးလိုက်သော အချက်အလက်များကို သုံးသပ်ပြီးလျှင် KBZ SME Banking မှ Relationship Manager တစ်ဦးသည် သင့်ထံသို့ ဆက်သွယ်လာမည်ဖြစ်ပြီး ချေးငွေလျှောက်လွှာကို ဆက်လက်ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

**၁၂။ ပြန်လည် ဖြေကြားချက်ကို မည်မျှကြာအောင် စောင့်ရမည်နည်း?**

အများဆုံး ဘဏ်ဖွင့်ရက် ၂ ရက်အတွင်း အကြောင်းပြန်ပါမည်။

**၁၃။ ယခုအဆင့်ပြီးလျှင် မည်သည့်အဆင့် ထပ်မံလာမည်နည်း။**

KBZ SME Banking မှ Relationship Manager တစ်ဦးသည် သင့်ထံသို့ ဆက်သွယ်လာမည်ဖြစ်ပြီး ချေးငွေလျှောက်လွှာကို ဆက်လက်ပြင်ဆင်ပေးမည်ဖြစ်ပါသည်။ လုပ်ငန်းလိုအပ်ချက်အလိုက် သင်၏ နေအိမ် သို့မဟုတ် အလုပ်ခွင်နေရာများသို့ လာရောက်၍ ချေးငွေအတွက် သင်လိုအပ်မည့် အထောက်အထားအချက်အလက်များကို သင့်အတွက် လာရောက် စုဆောင်းပေးပါလိမ့်မည်။